
# ရန်ကုန်မြို့ရှိ စာဆိုဗိမာန်နှင့် စာပေဗိမာန်တို့ကို ပြည်ထောင်စုဝန်ကြီး ဦးထိန်လင်း ကြည့်ရှုစစ်ဆေး



ရန်ကုန် ဇွန် ၁၈

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထိန်လင်းသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ စာဆိုဗိမာန်ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။ ဦးစွာ စာဆိုဗိမာန်အဆောက်အအုံတည်ဆောက်ခဲ့မှုနှင့် အဆောက်အအုံအတွင်း စာအုပ်စာပေများခင်းကျင်းပြသထားမှုကို ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနညွှန်ကြားရေးမှူးချုပ်က ရှင်းလင်းတင်ပြသည်။ ထို့နောက် စာဆိုဗိမာန်အဆောက်အအုံအတွင်း အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုရပညာရှင်များ၏ ဓာတ်ပုံများနှင့် ကိုယ်ရေးအကျဉ်းများ ခင်းကျင်းပြသထားသည့် ပြခန်း၊ နိုင်ငံတော်အဆင့် ဆုချီးမြှင့်ခဲ့မှုများ၊ စာပေဖွံ့ဖြိုးမှုဆောင်ရွက်ခဲ့မှုများပြခန်း၊ အမျိုးသားစာပေဆုနှင့်စာပေဗိမာန်သမိုင်းဓာတ်ပုံများခင်းကျင်းပြသထားသည့် ပြခန်း၊ ဆရာဝန်တင်ရွှေစာပေဆု၊ သုတစွယ်စုံစာပေဆု၊ ရွှေအမြုတေစာပေဆုများ ချီးမြှင့်ခဲ့မှုများပြခန်း၊ ပခုက္ကူစာပေဆုချီးမြှင့်ခဲ့မှုမှတ်တမ်း၊ ထွန်းဖောင်ဒေးရှင်းစာပေဆုချီးမြှင့်ခဲ့မှု မှတ်တမ်း၊ စာပေနှင့် ဆက်စပ်သော သဘင်ဆိုင်ရာခင်းကျင်းပြသထားသည့် ပြခန်း၊ စာပေနှင့် ဆက်စပ်သောဂီတဆိုင်ရာများ ခင်းကျင်းပြသထားသည့်ပြခန်း၊ စာပေနှင့် ဆက်စပ်သောရုပ်ရှင်နှင့်ဆိုင်သော ခင်းကျင်းပြသထားသည့် ပြခန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားသည်။

ဆက်လက်၍ ကျောက်တံတားမြို့နယ်ရှိ စာပေဗိမာန်စာအုပ်ဆိုင်နှင့် စာကြည့်တိုက်ကိုရောက်ရှိပြီး စာပေဗိမာန်စာအုပ်အရောင်းဆိုင်အတွင်းစာအုပ်များ ခင်းကျင်းပြသရောင်းချနေမှု၊ စာပေဗိမာန်စာကြည့်တိုက်အဟောင်းအတွင်း စာပေဆုရွေးချယ်ရေးအဖွဲ့ဝင်များ လုပ်ငန်းဆောင်ရွက်နေမှုတို့ကို ကြည့်ရှုအားပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက တစ်ချိန်က စာပေဗိမာန်အပေါ်လူငယ်များ တန်ဖိုးထားခဲ့ပြီး အသင်းဝင်များတိုးပွားလာခဲ့ကြောင်း၊ အသင်းဝင်တိုးပွားရေးအတွက် ဆောင်ရွက်ဖို့လိုကြောင်း၊ စာပေဗိမာန်မှထုတ်ဝေသည့် စာအုပ်စာပေများသည်လည်း လူငယ်များအတွက် အကျိုးရှိသည့် စာအုပ်စာပေများဖြစ်ရန် လိုအပ်ကြောင်း ပြောကြားကြောင်း သိရသည်။

မြဝတီ

# ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ခြင်ဆီကင်ဆာရောဂါလူနာ လေးဦးအား ခြင်ဆီအစားထိုးကုသခြင်း အောင်မြင်စွာဆောင်ရွက်



ရန်ကုန် ဇွန် ၁၈

ကျန်းမာရေးဝန်ကြီးဌာန၏ လမ်းညွှန်ပံ့ပိုးမှုများဖြင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီး သွေးရောဂါအထူးကုဌာန ခြင်ဆီအစားထိုးဌာန (Bone marrow Transplant Center)သို့ ၂၀၂၆ ခုနှစ် မေလက ဆေးရုံတက်ရောက်ခဲ့သော ခြင်ဆီကင်ဆာလူနာများဖြစ်သည့် သာပေါင်းမြို့နယ်မှ ၃၈ နှစ်အရွယ် အမျိုးသမီး၊ လှိုင်မြို့နယ်မှ ၅၇ နှစ်အရွယ် အမျိုးသမီး၊ ကျောက်ဆည်မြို့နယ်မှ ၄၇ နှစ်အရွယ်အမျိုးသားနှင့် ရွှေဘိုမြို့နယ်မှ ၅၃ နှစ်အရွယ် အမျိုးသား စုစုပေါင်းခြင်ဆီကင်ဆာလူနာလေးဦးအားခြင်ဆီအစားထိုးကုသခြင်းကို အောင်မြင်စွာဆောင်ရွက်ခဲ့ပြီး လူနာများအားလုံး ကျန်းမာရေးကောင်းမွန်သဖြင့် ဇွန်လ ၁၂ ရက်တွင် ဆေးရုံဆင်းခွင့်ရရှိပြီးဖြစ်သည်။

အဆိုပါ ခြင်ဆီအစားထိုးကုသခြင်းကို ဆေးရုံအုပ်ချုပ်မှုအဖွဲ့၊ သွေးရောဂါအထူးကုဌာနမှ ပါမောက္ခ/အထူးကုဆရာဝန်ကြီးများ၊ ဆက်စပ်ဌာနများမှ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်ပါမောက္ခ/အထူးကုဆရာဝန်ကြီးများ၊ ကျွမ်းကျင်သူနာပြုများ၊ အထောက်အကူပြုဝန်ထမ်းများအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြခြင်းဖြစ်သည်။

ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် ခြင်ဆီအစားထိုးကုသခြင်းကို ၂၀၁၆ ခုနှစ်တွင် သုံးဦး၊ ၂၀၁၇ ခုနှစ်တွင် သုံးဦး၊ ၂၀၁၈ ခုနှစ်တွင် လေးဦး၊ ၂၀၁၉ ခုနှစ်တွင် တစ်ဦး၊ ၂၀၂၀ ပြည့်နှစ်တွင် တစ်ဦး၊ ၂၀၂၄ ခုနှစ်တွင် သုံးဦး၊ ၂၀၂၅ ခုနှစ်တွင် ၁၀ ဦးနှင့် ၂၀၂၆ ခုနှစ် ယခုအချိန်ထိ ရှစ်ဦး စုစုပေါင်း ၃၃ ဦးကို ဆောင်ရွက်ခဲ့ပြီး ပြည်သူများ ကျန်းမာရေးအတွက် ကုန်ကျစရိတ်သက်သာစေရေး ပြည်တွင်း၌ပင် ခြင်ဆီအစားထိုးကုသမှုများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

မြဝတီ

# မော်ဘီမြို့နယ်အတွင်း တရားမဝင် လျှပ်စစ်ဓာတ်အားရယူသုံးစွဲမှုမရှိစေရေး၊ ဓာတ်အားပျောက်ဆုံးမှုလျော့နည်း ကျဆင်းစေရေး ကွင်းဆင်းစစ်ဆေး

ရန်ကုန် ဇွန် ၁၈

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းသည် ရန်ကုန်တိုင်းဒေသကြီး မော်ဘီမြို့နယ်အတွင်း တရားမဝင်လျှပ်စစ်ဓာတ်အားရယူသုံးစွဲမှုမရှိစေရေး၊ ဓာတ်အားပျောက်ဆုံးမှုလျော့နည်းကျဆင်းရေးအတွက် ခရိုင်လျှပ်စစ်ရုံးအစီအစဉ် စီမံချက်အစုအဖွဲ့ ၂၄ ဖွဲ့ ဖွဲ့စည်းကာ ခရိုင်လျှပ်စစ်မန်နေဂျာဦးဌေးနိုင်၊ ခရိုင်လျှပ်စစ်အင်ဂျင်နီယာ ဦးကျော်နန္ဒာဝင်းတို့၏ကြီးကြပ်မှုဖြင့် ဇွန်လ ၁၇ ရက်မှ ၂၀ ရက်အထိ ကွင်းဆင်းစစ်ဆေးမှုများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့စစ်ဆေးရာတွင် မီတာဖတ်ချက်များမှန်ကန်မှုရှိ/မရှိစစ်ဆေးခြင်း၊ တရားမဝင်ဓာတ်အားရယူသုံးစွဲမှု(Non Technical Losses)ရှိ/မရှိစစ်ဆေးဖော်ထုတ်အရေးယူရန်ဆောင်ရွက်ခြင်း၊ နည်းပညာဆိုင်ရာဓာတ်အားပျောက်ဆုံးမှု(Technical Losses)များကိုလည်းစိစစ်၍ပြုပြင်ဆောင်ရွက်ရန် လိုအပ်ချက်များအားဖော်ထုတ်ခြင်း၊ ဓာတ်အားခကြွေးကျန်ဖြစ်ပေါ်နေသည့်မီတာများအား ကြွေးကျန်ရရှိရေးဆောင်ရွက်ခြင်းတို့ကိုဆောင်ရွက်သွားမည်ဖြစ်သည်။

လျှပ်စစ်မီးသုံးသူမိဘပြည်သူများအနေဖြင့် စီမံချက်ဖြင့်စစ်ဆေးရေးအဖွဲ့များကို ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြရန်၊ လျှပ်စစ်မီးအားစနစ်တကျသုံးစွဲပေးကြရန်၊ မီတာများအား တရားမဝင်သုံးစွဲမှုနှင့် အိမ်တစ်အိမ်မှတခြားတစ်အိမ်သို့ပြောင်းရွှေ့တပ်ဆင်နိုင်ရေး မသမာမှုဆောင်ရွက်ပြီး စည်းရုံးဆက်သွယ်မှုများရှိပါက သတိပြုကြရန်နှင့်သက်ဆိုင်ရာမြို့နယ်လျှပ်စစ်မန်နေဂျာရုံးများကို ဆက်သွယ်သတင်းပို့ကြရန်နှင့် လျှပ်စစ်ဓာတ်အားသုံးစွဲခြင်းနှင့်ပတ်သက်ပြီး မည်သည့်အခက်အခဲမဆို ကြားခံလူများနှင့် ဆက်သွယ်ဆောင်ရွက်ခြင်းမပြုကြဘဲ မြို့နယ်လျှပ်စစ်မန်နေဂျာရုံးများမှ တာဝန်ရှိသူများနှင့်သာ ဆက်သွယ်ဆောင်ရွက်ပေးကြရန် မေတ္တာရပ်ခံအသိပေးထားကြောင်းသိရသည်။

ချမ်းမြေ့



# မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်နှင့် မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်းချုပ်တို့ပူးပေါင်း၍ စီးပွားရေးနှင့်လူ့အခွင့်အရေးဆိုင်ရာ အသိပညာပေးဟောပြောဆွေးနွေးပွဲကျင်းပ

ရန်ကုန် ဇွန် ၁၈

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်နှင့် မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်းချုပ် (MCEF) တို့ပူးပေါင်း၍ စီးပွားရေးနှင့်လူ့အခွင့်အရေးဆိုင်ရာဟောပြောဆွေးနွေးပွဲကို ယနေ့မွန်းလွဲပိုင်းတွင် အသင်းချုပ်တည်ရှိရာ ရန်ကုန်မြို့ သုဝဏ္ဏ၌ Hybrid system ဖြင့်ကျင်းပရာ ကော်မရှင်ဥက္ကဋ္ဌ ဦးသစ်လင်းအုန်းနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ ကော်မရှင်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် သက်ဆိုင်ရာဘာသာရပ်တာဝန်ခံ ကော်မရှင်ရုံးဝန်ထမ်းများ၊ အသင်းချုပ်ဥက္ကဋ္ဌ ဦးရိုန်ဝင်းနှင့် အသင်းသား/ အသင်းသူ လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ဦးစွာ ကော်မရှင်ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားပြီး အသင်းချုပ်ဥက္ကဋ္ဌ ဦးရိုန်ဝင်းက ဆွေးနွေးဟောပြောပွဲဖြစ်မြောက်အောင်မြင်သည့်အတွက်ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် ကော်မရှင်အဖွဲ့ဝင်ဒေါက်တာဒေါ်နုနုရီက လူ့အခွင့်အရေးအခြေခံသဘောသဘာဝအကြောင်း၊ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာဒေါ်တင်ဌေးအိက မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်အကြောင်းနှင့် လူ့အခွင့်အရေးနှင့်သဘာဝပတ်ဝန်းကျင်အကြောင်း၊ ကော်မရှင်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာခိုင်ခိုင်ဝင်းက စီးပွားရေးလုပ်ငန်းများနှင့် လူ့အခွင့်အရေးအကြောင်းတို့ကို ဟောပြောဆွေးနွေးကြပြီး တက်ရောက်လာသူများက မေးမြန်းသည်များကို ပြန်လည်ဖြေကြားခဲ့ကြောင်းသိရသည်။

မြဝတီ

# ခရီးဆက်ခဲ့ပြီ ပေကျင်းမှသည် မြို့တော်ရှန်ဟိုင်းဆီသို့

ကေဇက်ဟိန်း(PPIB)

နှစ်ရက်တာတည်းခိုခဲ့သောနေရာလေး တစ်ခုနဲ့ ခွဲခွာရပါတော့မယ်။ ဖွံ့ဖြိုးတိုးတက်ပြီး သန့်ရှင်းသပ်ရပ်သော မြို့ပြအလှအပ ပုံရိပ်များရဲ့ ဆွဲဆောင်မှု၊ နိုင်ငံ၊ မြို့ပြဖွံ့ဖြိုးတိုးတက်မှုအဓိကမောင်းနှင်အားဖြစ်သော စီးပွားရေးကဏ္ဍစုံတိုးတက်မှုတို့ရဲ့ ညို့ယူဖမ်းစားနိုင်မှု၊ တရုတ်နိုင်ငံသမ္မတကြီး မစ္စတာရှီကျင့်ဖျင်နဲ့ တာဝန်ရှိသူအားလုံးရဲ့ (State Visit) နိုင်ငံတော်အဆင့် ခမ်းနားလွန်းတဲ့ ခရီးဦးကြိုပြုမှုနဲ့ ညွှတ်ဝတ်ကျေပွန်မှုတို့ကြောင့် စာရေးသူတို့အတွက် မမေ့နိုင်တဲ့နေရာတစ်ခုဖြစ်ခဲ့ပါတယ်။

နိုင်ငံတော်အတွက် ရည်သန်စိတ်နဲ့မို့ မမောမပန်းနိုင်ဖွယ် အပြုံးတွေဝေဆာနေတဲ့ မိမိတို့နိုင်ငံအကြီးအကဲနဲ့ အဆင့်မြင့် မြန်မာကိုယ်စားလှယ်အဖွဲ့တွေအတွက်လည်း ကျေနပ်နှစ်သက်စေတဲ့ မြို့တစ်မြို့ဖြစ်ခဲ့မယ်ဆိုတာလည်း စာရေးသူခံစားသက်ဝင်ယုံကြည်မိနေပါတယ်။ ဒါကတော့ တရုတ်ပြည်သူ့သမ္မတနိုင်ငံရဲ့ ဒုတိယမြို့တော်ဖြစ်တဲ့ ပေကျင်းမြို့ပါပဲ။ ပေကျင်းမြို့ကနေ ခရီးမဆက်မီ နိုင်ငံတော်အကြီးအကဲနဲ့ အဆင့်မြင့်မြန်မာကိုယ်စားလှယ်အဖွဲ့ဟာ အထူးယာဉ်တန်းနဲ့ ပေကျင်းမြို့ရဲ့ အထင်ကရနေရာတစ်ခုကို ဝင်ရောက်ခဲ့ပါသေးတယ်။ ဒါကတော့ တရုတ်မီးရထားလမ်းတည်ဆောက်ရေးကော်ပိုရေးရှင်း (China Railway Construction Corporation Limited-CRCC) ပါပဲ။ ဒီအကြောင်းလေးနဲ့စပ်လျဉ်းပြီး အနည်းငယ်မျှဝေလိုပါသေးတယ်။

ဒီကော်ပိုရေးရှင်းကို ၁၉၄၈ ခုနှစ်မှာ တရုတ်ပြည်သူ့ လွတ်မြောက်ရေးတပ်မတော်(PLA)ရထားလမ်းကော်ပိုရေးရှင်းအဖြစ် စတင်တည်ထောင်ခဲ့တာပဲ ဖြစ်ပါတယ်။ ၁၉၉၀ ပြည့်နှစ်အတွင်းမှာတော့ CRCC အဖြစ် ပြောင်းလဲဖွဲ့စည်းခဲ့ပါတယ်။ ယခုအခါမှာတော့ China Railway Construction Corporation Limited (CRCC)ဟာ နိုင်ငံရဲ့ မီးရထားပို့ဆောင်ရေး လမ်းပန်းဆက်သွယ်မှုအဆင့် ကဏ္ဍမှာသာမက ကမ္ဘာ့နိုင်ငံအနှံ့အပြားထိ ခေတ်မီစွာဖြန့်ကြက် ဆောင်ရွက်နိုင်တဲ့ ကမ္ဘာ့လုပ်ငန်းအဆင့်ကိုတောင်ရောက်နေပါပြီ။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဇွန်လ ၁၇ ရက်က ပေကျင်းမြို့ရှိ China Railway Construction Corporation Limited (CRCC) ၏ပြခန်းတွင်ကြည့်ရှုလေ့လာစဉ်။

မီးရထားလမ်းပိုင်းဖြစ်တဲ့ အမြန်ရထားလမ်းတွေ၊ အဝေးပြေးလမ်းမတွေ၊ ဥမင်လိုဏ်ခေါင်းလမ်းတွေစတဲ့ အဆင့်အတန်းမီတဲ့လမ်းတွေ မိုင်ပေါင်းများစွာ ဖောက်လုပ်နိုင်ခဲ့ပါပြီ။ ဒါ့အပြင် (CRCC) ရဲ့ လုပ်ငန်းခွဲတွေဟာ အမေရိကမှာ(၂၄)ခု၊ အာဖရိကတိုက်မှာ(၅၁)ခု၊ ဥရောပမှာ(၁၅)ခု၊ အာရှမှာ(၄၁)ခု၊ သမုဒ္ဒရာနိုင်ငံတွေမှာ(၁၀)ခုနဲ့ ပြည်ပနိုင်ငံနဲ့ဒေသပေါင်း(၁၄၈)ခုထိ ဆောင်ရွက်နေဆဲဖြစ်တဲ့လုပ်ငန်းကြီးတစ်ခုဖြစ်နေတာကိုလည်း အံ့အားသင့်စွာ လေ့လာသိရှိခဲ့ရပါတယ်။ စာရေးသူတို့ နိုင်ငံသူ၊ နိုင်ငံသားတွေ၊ ယနေ့လူငယ်မျိုးဆက်သစ်တွေအားလုံးအတွက် အားကျအတုယူဖွယ်ရာအဖြစ် မြင်တွေ့ရမှာလည်းဖြစ်ပါတယ်။ ပညာပြည့်ဝတဲ့ လူသားအရင်းအမြစ်များရဲ့ စုပေါင်းစွမ်းအားနဲ့ ပညာရည်မြင့်မားမှုရဲ့တန်ဖိုးကို စာဖတ်သူတို့ချိန်ဆတွေးခေါ်နိုင်ကြမှာပါ။ ပညာရည်အနိမ့်အမြင့် ကွာဟချက်ဟာ ဖွံ့ဖြိုးတိုးတက်မှုအရှိန်အဟုန်နဲ့ တိုက်ရိုက်အချိုးကျတာကိုလည်း စာရေးသူ သင်ခန်းစာယူမိပါတယ်။

နိုင်ငံတော်အကြီးအကဲနဲ့ CRCC ဥက္ကဋ္ဌတို့ တွေ့ဆုံစဉ်မှာလည်း “မိမိတို့နိုင်ငံ၏ သမ္မတကြီး မစ္စတာရှီကျင့်ဖျင်အနေဖြင့် မြန်မာနိုင်ငံသည် တရုတ်နိုင်ငံအတွက် ယုံကြည်စိတ်ချရသည့် အိမ်နီးချင်းမိတ်ဆွေကောင်းနိုင်ငံများဖြစ်ကြောင်းနှင့် နှစ်နိုင်ငံသဘောတူညီချက်များကို အကောင်အထည်ဖော်သွားနိုင်ရေးအတွက်လည်း မိမိတို့အား မှာကြားထားပါကြောင်း၊ မြန်မာနိုင်ငံတွင် ရထားလမ်း၊ ကားလမ်းများ၊ မြေအောက်ရထားလမ်းများ၊ လေဆိပ်များ၊ Smart City များ တည်ဆောက်ခြင်း၊ ပြုပြင်ခြင်း၊ အဆင့်မြှင့်တင်ခြင်းတို့တွင် CRCC မှ တတ်ကျွမ်းသည့်နည်းပညာများဖြင့် အကျိုးပြုလိုပါကြောင်း” ဆိုပြီး စတင်ကမ်းလှမ်းခဲ့ပါတယ်။ နိုင်ငံတော်အကြီးအကဲကလည်း သူသိလိုတဲ့အချက်တွေကို ပြန်လည်မေးမြန်းခဲ့ပါတယ်။ နိုင်ငံတော်အကြီးအကဲအနေနဲ့ ၂၀၂၁ ခုနှစ်ကနေ လက်ရှိအချိန်ထိ သူ့နိုင်ငံအတွက် စိတ်ဝင်တစားနဲ့ ကြိုးစားအကောင်အထည်ဖော်ပေးခဲ့တဲ့ ကဏ္ဍစုံဟာ အများကြီးရှိပါတယ်။ ဒါတွေထဲကမှ မီးရထားပို့ဆောင်ဆက်သွယ်ရေးကဏ္ဍဟာ သူ့နှလုံးသားထဲက အစွဲလမ်းဆုံးနိုင်ငံအတွက် ဆန္ဒတစ်ခုဆိုတာ စာရေးသူ သတိထားမိပါတယ်။ အမိမြေအတွက် ဒီလိုအဆင့်မြင့်လမ်းပန်းဆက်သွယ်မှုဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုတွေကို ဆောင်ရွက်ပေးချင်တဲ့ စိတ်ဆန္ဒတွေ ပြင်းပြစွာ ပေါ်ပေါက်နေမှာကိုလည်း ခံစားမိခဲ့ပါတယ်။

ပေကျင်းမြို့ရဲ့ ကြည်လင်သာယာတဲ့ ရာသီသဘာဝလေးက နိုင်ငံတော်အကြီးအကဲဦးဆောင်တဲ့ အဆင့်မြင့်မြန်မာကိုယ်စားလှယ်အဖွဲ့ကို နှုတ်ဆက်သယောင်ပင်။ နိုင်ငံတော်အကြီးအကဲဦးဆောင်တဲ့ အဆင့်မြင့်မြန်မာကိုယ်စားလှယ်အဖွဲ့ဟာ ပေကျင်းမြို့ South Railway Station မှ ရှန်ဟိုင်းမြို့ Hongqiao Railway Station ဆီ ခရီးဆက်ဖို့ အသင့်ဖြစ်နေပါပြီ။ အဲ့ဒီနောက်မှာတော့ High-Speed Railway G23 ပေါ်တက်ပြီး ပေကျင်းမြို့လေးကို နှုတ်ဆက်လက်ပြခဲ့ရပါတယ်။

High-Speed Railway G23 ဆိုတာ တရုတ်နိုင်ငံရဲ့ အမြန်နှုန်းမြင့်ရထားပါ။ ခရီးသည်တင် အမြန်ဆုံးရထားဖြစ်ပြီး လမ်းကြောင်းအလိုက် 300-350km/h ထိ ပြေးဆွဲနိုင်ပါတယ်။ High-Speed Railway G23 ပေါ်မှာလည်း နိုင်ငံတော်အကြီးအကဲဦးဆောင်တဲ့ အဆင့်မြင့်မြန်မာကိုယ်စားလှယ်အဖွဲ့ကို တာဝန်ရှိသူတွေက ညွှတ်ဝတ်ကျေပွန်စွာ ခရီးတစ်လျှောက် ညှော့ခံခဲ့ပါတယ်။ ပေကျင်းနဲ့ ရှန်ဟိုင်းဟာ မိုင်ပေါင်း ၈၁၈ ဒသမ ၉၇ မိုင်ရှိပါတယ်။ ရထားခုတ်မောင်းချိန်ဟာ ၄ နာရီကျော်ကြာမြင့်ပါတယ်။ High-Speed Railway G23 ရဲ့ ပြတင်းတံခါးကတစ်ဆင့် ဒေသရဲ့ပုံရိပ်၊မြို့ပြများရဲ့ပုံရိပ်တွေကို တည်ငြိမ်အေးချမ်းမှုအပြည့်နဲ့ ငေးကြည့်နေတဲ့ နိုင်ငံတော်အကြီးအကဲရဲ့ နှလုံးသားထဲကို စာရေးသူတို့ ခဏလောက်ဝင်ခံစားကြည့်ကြပါမယ်။

မြန်နှုန်းမြင့် ခုတ်မောင်းနေတဲ့ မီးရထားရဲ့ လျင်မြန်စွာတည်ငြိမ်စွာ သွားလာနေမှု၊ လျင်မြန်မှုအဟုန်ကို ကြံ့ခိုင်စွာထိန်းကျောင်းပေးနိုင်တဲ့ အဆင့်မြင့် မီးရထားလမ်းများရဲ့စွမ်းအား၊ G Series တွေမှာပါဝင်တဲ့ High-Speed Railway G23 ရဲ့ ခမ်းနားခေတ်မီပြီး ငြိမ့်ညောင်းစွာလိုက်ပါစီးနင်းရမှု၊ မီးရထားပေါ်မှာ ခန့်အပ်တာဝန်ပေးထားနိုင်တဲ့ မီးရထားဝန်ထမ်းများရဲ့ လှုပ်ရှားမှုဟန်စတာတွေဟာ နိုင်ငံတော်အကြီးအကဲကို ညို့အားကြီးကြီးနဲ့ ဆွဲဆောင်နေမှာပါပဲ။ မီးရထားနဲ့ပတ်သက်ရင် နိုင်ငံတော်အကြီးအကဲစိတ်ဝင်စားတဲ့ နေရာတစ်ခုရှိပါတယ်။ ဒါကတော့ ရထားလမ်းမတစ်လျှောက် သာယာလှပအောင်စီစဉ်ဆောင်ရွက်မှုပါပဲ။ မြန်မာ့မီးရထားနဲ့ ပတ်သက်တိုင်း ခဏခဏမှာကြားလေ့ရှိတာကို စာရေးသူအမှတ်ရနေလို့ပါ။

ကြည်လင်တဲ့ရာသီဥတုနဲ့အတူ မြန်နှုန်းမြင့်နဲ့ ခုတ်မောင်းနေတဲ့ High-Speed Railway G23 ကတစ်ဆင့်လမ်းတစ်လျှောက်မြင်တွေ့ခဲ့ရတဲ့၊ ရထားပို့ဆောင်ရေးစနစ်ဖွံ့ဖြိုးတိုးတက်မှု၊ ရထားလမ်းနယ်များစနစ်တကျရှိမှု၊ မြို့ပြဖွံ့ဖြိုးတိုးတက်မှု၊ လူနေထိုင်မှုနှင့် စိုက်ပျိုးရေးလုပ်ငန်းများစနစ်တကျဆောင်ရွက်ထားရှိမှု၊ Green Energy အသုံးပြုထားရှိမှု၊ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်စေရေး တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်နေမှု၊ ရထားလမ်းတစ်လျှောက် သစ်ပင်များ ပင်ခြား၊ တန်းခြား မှန်ကန်စွာ စိုက်ပျိုးထားရှိမှု စတာတွေဟာ နိုင်ငံတော်အကြီးအကဲကို ဆွဲဆောင်နိုင်လွန်းပါတယ်။ ဒီအခြေအနေတွေနဲ့ပတ်သက်ပြီး လိုက်ပါလာတဲ့ မြန်မာအဆင့်မြင့်ကိုယ်စားလှယ်ထဲက တာဝန်ရှိသူတွေကို တစ်ပါတည်း မှာကြားသင့်တာတွေကို မှာကြားခဲ့ပါသေးတယ်။ ဒီလိုနဲ့ နိုင်ငံတော်အကြီးအကဲဦးဆောင်တဲ့ အဆင့်မြင့်မြန်မာကိုယ်စားလှယ်အဖွဲ့ဟာ တရုတ်ပြည်သူ့သမ္မတနိုင်ငံရဲ့ မြို့တော်ရှန်ဟိုင်းမြို့ကို ရောက်ရှိခဲ့ပါပြီ။

ရှန်ဟိုင်းမြို့ Hongqiao Railway Station ကတစ်ဆင့် အထူးယာဉ်တန်းနဲ့ တည်းခိုရာနေရာကို ခရီးဆက်ခဲ့ပါတယ်။ နိုင်ငံတော်အကြီးအကဲဦးဆောင်တဲ့ အဆင့်မြင့်မြန်မာကိုယ်စားလှယ်အဖွဲ့ကို ကနဦး ဆီးကြိုလိုက်တာကတော့ ကြည်လင်သာယာတဲ့ ရာသီဥတုလေးပါပဲ။ အထူးယာဉ်တန်းဟာ ရှန်ဟိုင်းမြို့ကို စတင်ချင်းနင်းဝင်ရောက်လာခဲ့ပါပြီ။ နိုင်ငံရဲ့မြို့တော်ဖြစ်တာနဲ့အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့မြို့ပြပုံရိပ်တွေဟာ အသက်ဝင်တဲ့ပန်းချီကားတစ်ချပ်၊ ရိုက်ချက်ကောင်းတဲ့ ဓာတ်ပုံတစ်ကွက်ပမာ လှပခမ်းနားလွန်းလှပါတယ်။ မြို့တွင်းမှာ



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဇွန်လ ၁၇ ရက်က မြန်နှုန်းမြင့်ရထားဖြင့် ရှန်ဟိုင်းမြို့သို့ သွားရောက်စဉ်။

စာမျက်နှာ ၁၂ သို့ ○

**○ စာမျက်နှာ ၁၁ မှအဆက်**

ဖောက်လုပ်ထားတဲ့ အဆင့်မြင့်လမ်းများထက်မှာ ရှန်ဟိုင်းပြည်သူတွေဟာ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းတကျ သွားလာနေကြတာကိုလည်း တွေ့မြင်ရပါတယ်။ ဒါ့အပြင် မြို့အဝင်လမ်းမဝဲယာမှာ (Tree Guard)တွေနဲ့ အကွာအဝေးညီညီ စိုက်ပျိုးထားတဲ့ အလှပန်းမန်တွေဟာလည်း အဝေးမှလာသူတွေအတွက် အမောပြေစေခြင်းတစ်မျိုးပါပဲ။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ ရှန်ဟိုင်းမြို့၊ မြို့တော်ဝန် မစ္စတာ ကုန်းကျန့်က ဇွန်လ ၁၇ ရက်တွင် လာရောက်ဂါရဝပြုတွေ့ဆုံစဉ်။

နိုင်ငံတော်အကြီးအကဲဦးဆောင်တဲ့ အဆင့်မြင့် မြန်မာကိုယ်စားလှယ်အဖွဲ့ လိုက်ပါလာတဲ့ အထူးယာဉ်တန်းကိုလည်း လမ်းမဝဲယာနှစ်ဖက်မှာ လုံခြုံရေးတွေ အထပ်ထပ်ချထားပြီး ကြိုဆိုနေပါသေးတယ်။ ဒါ့အပြင် လမ်းဘေးဝဲယာတစ်လျှောက် မြို့သူ၊ မြို့သားများရဲ့ ကြိုဆိုနှုတ်ဆက်နေကြတဲ့ မြင်ကွင်းကလည်း ကြည်နူးစရာပါပဲ။ တည်းခိုရာ Fairmont Peace ဟိုတယ်မရောက်မီ လမ်းမရဲ့ မြင်ကွင်းနေရာ တစ်ခုဟာလည်း စာရေးသူအတွက် စိတ်ဝင်စားစရာနေရာတစ်ခုဖြစ်ခဲ့ပါတယ်။ ဒါကတော့ လမ်းမရဲ့တစ်ဖက်မှာ အဆင့်မြင့်မိုးမျှော်ထပ်မြင့် အဆောက်အအုံတွေရှိပြီး သူတို့ရဲ့ မျက်နှာချင်းဆိုင်မှာ ကိုလိုနီခေတ်အထပ်မြင့် လက်ရာမွန်အဆောက်အအုံတွေပါပဲ။ ရှန်ဟိုင်း Tower လို မိုးမျှော်အဆောက်အအုံကြီးတွေနဲ့ ကိုလိုနီခေတ်အထပ်မြင့် လက်ရာမွန်အဆောက်အအုံတွေဟာ ခံ့ညားမှုကိုအပြိုင်အဆိုင်ပြသနေသလိုပါပဲ။ ဒါဆိုရင် စာရေးသူတို့အားလုံး ရှန်ဟိုင်းမြို့တော်အကြောင်းကို အနည်းငယ်လေ့လာကြည့်ကြရအောင်လားဗျာ။

ရှန်ဟိုင်းမြို့ရဲ့ မူလအစဟာ ၁၁ ရာစုကာလ ဆုန်မင်းဆက်လက်ထက်က စတင်ပေါ်ပေါက်ခဲ့တဲ့ ဈေးမြို့လေးတစ်မြို့လို့ လေ့လာတွေ့ရှိရပါတယ်။ ၁၈၄၂ ခုနှစ် နန်ကင်းစာချုပ်အပြီးမှာ ရှန်ဟိုင်းကို နိုင်ငံခြားကုန်သွယ်ရေးအတွက် ဖွင့်လှစ်ပေးခဲ့ပြီး နိုင်ငံတကာအခြေချနေထိုင်မှုတွေဖန်တီးဖို့ ဦးတည်ဆောင်ရွက်ခဲ့တာပါပဲ။ ၁၉၃၀ ပြည့်နှစ်အလွန်နှစ်တွေကစပြီး အာရှပစိဖိတ်ဒေသရဲ့ အဓိကဘဏ္ဍာရေးဗဟိုချက်အဖြစ် ဖွံ့ဖြိုးလာခဲ့တာပဲဖြစ်ပါတယ်။ ၁၉၉၀ ပြည့်နှစ်မှာတော့ ရှန်ဟိုင်းမြို့ရဲ့ အသွင်ကူးပြောင်းမှုကတစ်ဆင့် ထိပ်တန်း Super Power မြို့ကြီးတစ်မြို့ ဖြစ်လာခဲ့တာပါပဲ။

ဈေးမြို့လေးတစ်မြို့ကနေ ထိပ်တန်း Super Power မြို့ကြီးတစ်မြို့ဖြစ်လာခဲ့တဲ့အပေါ် ဘယ်လောက်အားကျစရာကောင်းလိုက်မလဲ။ စာဖတ်သူတို့တွေးဆနိုင်ပါတယ်။ တည်နေရာအားဖြင့်တော့ တရုတ်နိုင်ငံရဲ့ အရှေ့ဘက်ကမ်းရိုးတန်း ယန်ဇီမြစ်ဝကျွန်းပေါ်ဒေသမှာ တည်ရှိပါတယ်။ စီးပွားရေးမြို့ကြီးတစ်မြို့ပါပဲ။ ဒါ့အပြင် ကမ္ဘာလုံးဆိုင်ရာဘဏ္ဍာရေး၊ ကုန်သွယ်ရေးနဲ့ သင်္ဘောပို့ဆောင်ရေး ဗဟိုချက်တစ်ခုလည်းဖြစ်သလို ပြည်တွင်းဈေးကွက်နဲ့ နိုင်ငံတကာကုန်သွယ်မှုအကြား အရေးပါတဲ့ပေါင်းကူးတံတားအဖြစ် ဆောင်ရွက်နေတဲ့ မြို့တစ်မြို့လည်းဖြစ်ပါတယ်။ မြို့ရဲ့တစ်နေရာမှာ တွေ့ခဲ့ရတဲ့ မျက်နှာချင်းဆိုင် ခံ့ညားမှုပြိုင်ဆိုင်နေတဲ့ ၁၉ ရာစုကိုလိုနီခေတ် သမိုင်းဝင်အဆောက်အအုံတွေနဲ့ ခေတ်မီမိုးမျှော်တိုက်ကြီးတွေရှိတဲ့နေရာဟာ ဟွမ်းဖုမြစ်တစ်လျှောက်ရဲ့ ကမ်းနားလမ်းပါပဲ။ ဒီနေရာမှာတော့ မြို့တော်ရှန်ဟိုင်းဟာ Smart City ဖြစ်ကြောင်း ခေတ်မီလှပကြော့ရှင်းမှုအပြည့်နဲ့ ကြိုဆိုသက်သေပြခဲ့ပါတယ်။

စီးပွားရေးအရဆိုရင်တော့ နိုင်ငံရဲ့ အကြီးဆုံး စီးပွားရေးမြို့တစ်မြို့ပါပဲ။ ကမ္ဘာ့အရေးပါတဲ့ ဘဏ်လုပ်ငန်း၊ နိုင်ငံတကာကုန်သွယ်ရေး၊ နည်းပညာ၊ မော်တော်ကားထုတ်လုပ်မှု၊ ရေကြောင်းပို့ဆောင်ရေးနဲ့ အိမ်ခြံမြေလုပ်ငန်းတွေဟာ အဓိကစီးပွားရေးလုပ်ငန်းတွေဖြစ်ပါတယ်။ ၂၀၂၄ ခုနှစ် ခန့်မှန်းချက်အရဆိုရင် ရှန်ဟိုင်းမြို့ရဲ့ GDP ဟာ ယွမ် ၅ ထရီလီယံကျော်ရှိပါတယ်။ GDP အမြင့်ဆုံးမြို့တစ်မြို့လို့လည်း ဆိုရမှာပါပဲ။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဇွန်လ ၁၇ ရက်က သင်္ဘောဖြင့် လိုက်ပါစီးနင်း၍ ရှန်ဟိုင်းမြို့ ဟွမ်းဖုမြစ်ကြောင်းတစ်လျှောက်၌ မြို့ပြဖွံ့ဖြိုးတိုးတက်မှုအခြေအနေများနှင့် မြစ်ကြောင်းထိန်းသိမ်းထားရှိမှုအခြေအနေများကို ကြည့်ရှုလေ့လာစဉ်။

ယဉ်ကျေးမှုနဲ့ ခရီးသွားလုပ်ငန်းပိုင်းတွေကို ဆက်လက်လေ့လာကြည့်ပါမယ်။ ရှန်ဟိုင်းမြို့ရဲ့ ယဉ်ကျေးမှုလက္ခဏာဟာ ရိုးရာတရုတ်အမွေအနှစ်နဲ့ အနောက်တိုင်းအနုပညာတို့ ရောနှောပေါင်းစပ်ထားတဲ့ ဟိုင်ဖိုက် (Haipai) ခေါ် ရှန်ဟိုင်းစတိုင် ယဉ်ကျေးမှုပဲဖြစ်ပါတယ်။ သမိုင်းဝင်ဥရောပပုံစံကိုလိုနီအဆောက်အအုံတွေ စီတန်းထားတဲ့ နာမည်ကျော်ကမ်းနားလမ်း (The Bund)၊ လမ်းလျှောက်ဈေးဝယ်လမ်းတွေထဲကတစ်ခုဖြစ်တဲ့ နန်ကျင်း (Nanjing)လမ်းနဲ့ ဂန္ထဝင်တရုတ်ဗိသုကာလက်ရာတွေ၊ ကျောက်ပန်းပုတွေရှိတဲ့ ယုယွမ်(Yuyuan) ဥယျာဉ်တို့ဟာ အလှပဆုံးနဲ့ ဆွဲဆောင်မှုအရှိဆုံး ခရီးသွားနေရာတွေပါပဲ။ သမိုင်းဝင်ဗိသုကာလက်ရာတွေကို ခေတ်မီမြို့ပြ အခြေခံအဆောက်အအုံတွေနဲ့ အောင်မြင်စွာပေါင်းစပ်ထားတဲ့ မြို့တော်ရှန်ဟိုင်းဟာ နိုင်ငံတကာစီးပွားရေး၊ ဖက်ရှင်နှင့် နည်းပညာတို့အတွက် ထိပ်တန်းမြို့တစ်မြို့ဆိုတာ သက်သေပါပဲ။ မြို့တော်ရှန်ဟိုင်းရဲ့ဆွဲဆောင်မှုတွေကိုငေးမောရင်း နိုင်ငံတော်အကြီးအကဲ ဦးဆောင်တဲ့ အဆင့်မြင့် မြန်မာကိုယ်စားလှယ်အဖွဲ့ဟာ တည်းခိုရာ Fairmont Peace ဟိုတယ်ကိုရောက်ရှိခဲ့ပါပြီ။

ဟိုတယ်ကိုရောက်တဲ့အခါမှာလည်း တာဝန်ရှိသူတွေဟာ တီးဝိုင်းနဲ့ (State Visit) နိုင်ငံတော်အဆင့်ခရီးဦးကြိုပြုကာ ခမ်းနားသပ်ရပ်မှုအပြည့်နဲ့ ကြိုဆိုခဲ့ကြပါတယ်။ နိုင်ငံတော်အကြီးအကဲကိုတော့ ရှန်ဟိုင်းမြို့တော်ဝန် မစ္စတာကုန်းကျန့်(Gong Zheng) က ဟိုတယ်မှာ တခုတ်တရနဲ့ လာရောက်တွေ့ဆုံခဲ့ပါတယ်။ တွေ့ဆုံစဉ်မှာလည်း နှစ်နိုင်ငံချစ်ကြည်ရေး၊ ကုန်သွယ်ရေးကဏ္ဍ၊ ရင်းနှီးမြှုပ်နှံရေးကဏ္ဍ၊ သယ်ယူပို့ဆောင်ရေးကဏ္ဍ၊ ခရီးသွားလုပ်ငန်းနဲ့ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကဏ္ဍများအတွက် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြတာကို တွေ့မြင်ခဲ့ရပါတယ်။

ခရီးမိုင်တွေမည်မျှ ဆက်ခဲ့ပါစေ၊ နိုင်ငံတော်အကြီးအကဲဟာ မနားနိုင်သေးပါဘူး။ ညပိုင်းအရောက်မှာတော့ တာဝန်ရှိသူတွေလိုက်ပါပြီး အဆင့်မြင့်ကိုယ်စားလှယ်တွေနဲ့အတူ ရှန်ဟိုင်းမြို့ရဲ့ ညချမ်းပုံရိပ်အလှတွေကို ပုံစံတစ်မျိုးနဲ့ လှည့်လည်ကြည့်ရှုခဲ့ကြပါတယ်။ နိုင်ငံတော်အကြီးအကဲဦးဆောင်တဲ့ အဆင့်မြင့်မြန်မာကိုယ်စားလှယ်အဖွဲ့ဟာ ရှန်ဟိုင်းမြို့ ဟွမ်းဖုဆိပ်ကမ်းမှာရှိတဲ့ အမြင့်ဆုံးတာဝါဖြစ်တဲ့ (Oriental Tower)မှ မြို့ပြအလှကိုကြည့်ရှုခြင်း၊ ဟွမ်းဖုမြစ်ကြောင်းတစ်လျှောက် သင်္ဘောနဲ့လိုက်ပါကာ မြို့တော်ရှန်ဟိုင်းရဲ့ ညပုံရိပ်မြို့ပြအလှကို လှည့်လည်ကြည့်ရှုခြင်းတွေ ဆောင်ရွက်ခဲ့ပါတယ်။

မြစ်ကြောင်းထိန်းသိမ်းထားမှု၊ မြို့ပြရဲ့ဖွံ့ဖြိုးတိုးတက်မှု၊ ဒေသခံများရဲ့လူမှုဘဝလှုပ်ရှားသွားလာ အပန်းဖြေနေမှုတွေကို အနီးကပ်လေ့လာခဲ့ပါသေးတယ်။ မြို့တော်ရှန်ဟိုင်းကလည်း လျှပ်စစ်ကဏ္ဍပြည့်စုံကြွယ်ဝမှုကို သူ့ရဲ့ခေတ်မီမှုနဲ့ပေါင်းစပ်ပြီး ရောင်စုံအလှအပများနဲ့ စာရေးသူကို အမိအရကို ဖမ်းစားလို့နေပါသေးတယ်။ တစ်ချက်တစ်ချက်နိုင်ငံတော်အကြီးအကဲရဲ့ တည်ငြိမ်အေးဆေးတဲ့ မြို့ပြအလှကို ငေးကြည့်နေမှုဟာ မြို့ပြအလှကို ခံစားနေခြင်းထက် အမိနိုင်ငံအတွက် သူ့ရည်မှန်းချက်ကို ငြိမ်သက်စွာ ထုဆစ်နေသလားလို့တောင် ခံစားမိပါသေးတယ်။

မိဘတိုင်းဟာ သားသမီးတို့ နောင်ရေးအတွက် လုပ်ငန်း၊ ငွေကြေး၊ အိမ်ရာတွေ စီမံဆောင်ရွက်ထားစမြဲပါပဲ။ နိုင်ငံတော်အကြီးအကဲအနေနဲ့လည်း ဤမြို့ ဤပုံစံကဲ့သို့ သားသမီးသဖွယ် အမိမြေမှ ကျန်ရှိခဲ့တဲ့ နိုင်ငံသူ၊ နိုင်ငံသားတွေအတွက် စီမံထားရှိချင်မှာပါပဲ။ ဒါဟာမိဘနဲ့ သားသမီးသဘာဝပါ။ လုပ်ပေးနိုင်ဖို့ မျှော်လင့်နေသလို မလုပ်ပေးနိုင်သေးသမျှလည်း စိတ်မကောင်းတတ်တာလည်း မိဘနဲ့သားသမီးသဘာဝပါပဲ။ အမိမြန်မာနိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ဖို့ ပကတိလိုအပ်ချက်ဖြစ်တဲ့ ပြည်တွင်းငြိမ်းချမ်းရေး၊ ပညာရည်မြင့်မားတဲ့ လူသားအရင်းအမြစ်ကောင်းပေါ်ထွန်းရေးအတွက် ပညာရေးစနစ်ကောင်းမွန်ရေး၊ ဒါတွေကတစ်ဆင့် နိုင်ငံတော်စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးဆိုတဲ့ ဒီအကြောင်းတွေဟာ ရှန်ဟိုင်းမြို့ပြအလှကို တည်ငြိမ်အေးချမ်းစွာ ငေးမောနေတဲ့ နိုင်ငံတော်အကြီးအကဲရဲ့ အတွေးထဲမှာ စူးနစ်စွာဝင်ရောက်နေမှာ အသေအချာပါပဲ။

ဒါကြောင့် စာရေးသူတို့ နိုင်ငံသူ၊ နိုင်ငံသားအားလုံးဟာ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်တစ်ရပ်ကို ပိုင်ဆိုင်ဖို့ လုံ့လ၊ ဝီရိယကို ပညာနဲ့ပေါင်းစပ်ပြီး ကြိုးစားကြဖို့ လိုအပ်ပြီဖြစ်ကြောင်း ရှန်ဟိုင်းမြို့ ဟွမ်းဖုမြစ်ရေပြင်ထက်က အမိမြေသို့ စာလွှာပါးလိုက်ရပါတယ်။ ။

## အပစ်အခတ်ရပ်ပြီးနောက် ဂါဇာအပေါ် အစ္စရေး၏ တိုက်ခိုက်မှုကြောင့် သေဆုံးသူ ၁၀၀၀ ကျော်ရှိ

**ကိုင်ရို၊ စစ်ရေး**

ပြီးခဲ့သည့်နှစ် အောက်တိုဘာလတွင် အမေရိကန်က ကြားဝင်ကူညီပေးခဲ့သော အစ္စရေး-ပါလက်စတိုင်း အပစ်အခတ်ရပ်စဲရေးရရှိပြီးနောက် အစ္စရေးက ဂါဇာဒေသအပေါ်တိုက်ခိုက်မှုကြောင့်သေဆုံးသူ ၁၀၀၀ ကျော်ရှိပြီဖြစ်ကြောင်း ဂါဇာကျန်းမာရေးဝန်ကြီးဌာနက ဇွန်လ ၁၈ ရက်တွင် ထုတ်ပြန်ထားသည်။


အစ္စရေးကလုပ်ဆောင်သော နောက်ဆုံးတိုက်ခိုက်မှုတွင်မူ ပါလက်စတိုင်းပြည်သူသုံးဦးသေဆုံးထားကြောင်း၊ ကြားဝင်စေ့စပ်ပေးသူများက အပစ်အခတ်ရပ်စဲကြရန် တိုက်တွန်းမှုများရှိနေသည့်တိုင် အစ္စရေးဘက်မှတိုက်ခိုက်မှုများ ဆက်ရှိနေဆဲဖြစ်ကြောင်း ပါလက်စတိုင်းတာဝန်ရှိသူများက ပြောသည်။

အစ္စရေးဘက်ကမူ အပစ်အခတ်ရပ်စဲပြီးနောက်လုပ်ဆောင်သော တိုက်ခိုက်မှုများအားလုံးသည် ဟားမက်အဖွဲ့နှင့်အခြားစစ်သွေးကြွများကို ချေမှုန်းခြင်းသာဖြစ်ပြီး ထိုကာလအတွင်း အစ္စရေးစစ်သည်လေးဦးသေဆုံးကြောင်း အစ္စရေးတာဝန်ရှိသူများကပြောသည်။

**Ref: ST**

## ယခုရရှိသည့် နားလည်မှုစာချွန်လွှာက အမေရိကန်အပေါ် သံတမန်ရေးအရ အနိုင်ရခြင်းဖြစ်ဟု အီရန်ပြော





**တီဟီရန်၊ နိုင်ငံရေး**

အမေရိကန်နိုင်ငံနှင့်အီရန်နိုင်ငံတို့ကြားသဘောတူလက်မှတ်ရေးထိုးလိုက်ပြီဖြစ်သည့် နားလည်မှုစာချွန်လွှာသည် အီရန်အနေဖြင့် အမေရိကန်အပေါ် သံတမန်ရေးအရ အနိုင်ရခြင်းဖြစ်ကြောင်း၊ ထို့ပြင် အမေရိကန်အနေဖြင့် ၎င်းတို့၏မည်သည့်စစ်ရေးရည်မှန်းချက်ကိုမျှ ရရှိခြင်းမရှိကြောင်းကို ဖော်ပြသည့်သက်သေဖြစ်ကြောင်း အီရန်တာဝန်ရှိသူများက ဇွန်လ ၁၈ ရက်တွင် ပြောသည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် အီရန်သမ္မတ မာဆွတ်ပီဇက်ကီယန်တို့က အချက် ၁၄ ချက်ပါ နားလည်မှုစာချွန်လွှာကို ဇွန်လ ၁၇ ရက်ညပိုင်းတွင် အီလက်ထရွန်နစ်နည်းဖြင့် အဝေးမှနေ၍လက်မှတ်ထိုးခြင်းဖြစ်သည်။ ထိုနားလည်မှုစာချွန်လွှာတွင် ပါကစ္စတန်နိုင်ငံက ကြားဝင်စေ့စပ်ပေးသည့်သက်သေအဖြစ် ပါဝင်လက်မှတ်ထိုးသည်။ နားလည်မှုစာချွန်လွှာပါအချက်များသည် နှစ်နိုင်ငံခေါင်းဆောင်များကြားလက်မှတ်ရေးထိုးပြီးသည်နှင့်တစ်ပြိုင်နက်ချက်ချင်းအသက်ဝင်လာပြီဖြစ်သည်။

ထိုနားလည်မှုစာချွန်လွှာသည် အမေရိကန်၏ရှုံးနိမ့်မှုအတွက် မှတ်တမ်းတစ်ခုဖြစ်ကြောင်း၊ အမေရိကန်အနေဖြင့် လက်နက်ချခြင်းကို သက်သေပြသည့်အရာတစ်ခုဖြစ်ကြောင်း အီရန်လွှတ်တော်ဥက္ကဋ္ဌနှင့်ညှိနှိုင်းရေးမှူးဖြစ်သည့် မိုဟာမတ်ဂါလီဘက်ကပြောသည်။

အဆိုပါ နားလည်မှုစာချွန်လွှာကို အမေရိကန်ပြည်ထောင်စုနှင့် အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံတို့ကြားရှိသည့် အစ္စလာမ်မာဘတ်နားလည်မှုစာချွန်လွှာဟု အမည်ပေးထားပြီး အချက် ၁၄ ချက်အနက် ပထမဆုံးအချက်မှာ လက်ဘနွန်အပါအဝင် ရှေ့တန်းစစ်မျက်နှာများအားလုံး၌ အမေရိကန်၊ အီရန်နှင့်မဟာမိတ်များက ဆောင်ရွက်နေသောစစ်ဆင်ရေးများအားလုံးကိုချက်ချင်းနှင့်အမြဲတမ်းရပ်တန့်ရမည်ဟု ရေးထားခြင်းဖြစ်သည်။

ဆက်လက်၍ တစ်နိုင်ငံ၏အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲရေးကို တစ်နိုင်ငံက လေးစားရန်နှင့် အခြားနိုင်ငံ၏ပြည်တွင်းရေးတွင် ကျန်နိုင်ငံက ဝင်စွက်ဖက်ခြင်းမပြုရန်၊ ရက်ပေါင်း ၆၀ အတွင်း နောက်ဆုံးသဘောတူညီချက်ရရှိသည်အထိဆွေးနွေးရန်၊ အမေရိကန်အနေဖြင့် အီရန်အပေါ် ရေတပ်ဖြင့်ပိတ်ဆို့ထားမှုကို အပြည့်အဝရုပ်သိမ်းပေးရန်၊ ဟော်မုရေလက်ကြားမှဖြတ်သန်းသည့် ကုန်သွယ်ရေးသင်္ဘောများကို အီရန်က ရက် ၆၀ ကြာအကောက်ခွန်မကောက်ခံရန်၊ အီရန်နိုင်ငံပြန်လည်တည်ဆောက်ရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အမေရိကန်နှင့် ဒေသတွင်းမိတ်ဖက်နိုင်ငံများက အီရန်နိုင်ငံအတွင်း ဒေါ်လာဘီလီယံ ၃၀၀ တန်ဖိုးရှိစီမံကိန်းများကိုအကောင်အထည်ဖော်ရန်၊ အမေရိကန်က အီရန်အပေါ်နှင့် အီရန်နှင့်ပတ်သက်၍ချမှတ်ထားသော ပိတ်ဆို့မှုများအားလုံးကို ရုပ်သိမ်းပေးရန်၊ အီရန်၏ရေနံထွက်ကုန်ပစ္စည်းများတင်ပို့မှုကို အမေရိကန်က ကင်းလွတ်ခွင့်ပေးရန်၊ အီရန်က နျူကလီးယားလက်နက်ပိုင်ဆိုင်ခွင့်မရှိဘဲ လက်ရှိအခြေအနေအတိုင်း ထိန်းသိမ်းထားရန်၊ အမေရိကန်က အီရန်အပေါ် ပိတ်ဆို့မှုအသစ်များမချမှတ်ရန်တို့ ပါဝင်ကြောင်း သိရသည်။

**Ref: RT**

## ဟော်မုရေလက်ကြား၌ မိုင်းရှင်းလင်းရန် ဂျာမနီက စစ်ရေယာဉ်နှစ်စင်းကိုစေလွှတ်

**ဘာလင်၊ စစ်ရေး**

ဂျာမနီနိုင်ငံက ဟော်မုရေလက်ကြား၌ ရေမြှုပ်မိုင်းရှင်းလင်းရေးလုပ်ငန်းများလုပ်ဆောင်ရန် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် ပင်လယ်နီအတွင်းသို့ စစ်ရေယာဉ်နှစ်စင်းကိုစေလွှတ်လိုက်ပြီဖြစ်ကြောင်း ဂျာမနီကာကွယ်ရေးဝန်ကြီး ဘိုးရစ်ပစ္စတိုးရီးယပ်က ဇွန်လ ၁၈ ရက်တွင်ပြောသည်။

ဂျာမနီနိုင်ငံသည် မိုင်းရှင်းရေယာဉ်တစ်စင်းနှင့် ထောက်ပံ့ရေးရေယာဉ်တစ်စင်းကို ပင်လယ်နီဒေသသို့ စေလွှတ်လိုက်ခြင်းဖြစ်ကြောင်း၊ ယခုအခါ အဆိုပါရေယာဉ်များသည် စူးအက်တူးမြောင်းကို ဖြတ်သန်းသွားပြီဖြစ်ကြောင်း NATO တပ်ဖွဲ့၏ ကာကွယ်ရေးဝန်ကြီးများအစည်းအဝေး မတိုင်မီ ဂျာမနီကာကွယ်ရေးဝန်ကြီးက ပြောခြင်းဖြစ်သည်။ ဟော်မုရေလက်ကြားပြန်ပွင့်သွားချိန်တွင် ထိုရေလက်ကြား၌ မိုင်းရှင်းလင်းရေးလုပ်ငန်းလုပ်ဆောင်ရန် လိုအပ်ခြင်းရှိ၊ မရှိ ယခုအထိမသိရသေးကြောင်း ၎င်းကဆက်ပြောသည်။

**Ref: Xinhua**

## နျူကလီးယားလက်နက်များက ကိုယ့်ကိုယ်ကိုယ် ကာကွယ်ရေးအတွက်ဖြစ်ဟု ကင်ယိုဂျုံတုံ့ပြန်



**ပြုံယမ်း၊ နိုင်ငံရေး**

မြောက်ကိုရီးယားနိုင်ငံ၏ နျူကလီးယားလက်နက်သည် နိုင်ငံ၏ပင်မမဏ္ဍိုင်အကျိုးစီးပွားဖြစ်ပြီး ကိုယ့်ကိုယ်ကိုယ်ကာကွယ်ရေးအတွက်ဖြစ်ကြောင်း မြောက်ကိုရီးယားနိုင်ငံခေါင်းဆောင် ကင်ဂျုံအွန်၏ညီမဖြစ်သည့် ကင်ယိုဂျုံက ဇွန်လ ၁၈ ရက်တွင် ပြောသည်။

G7 နိုင်ငံများမှခေါင်းဆောင်များသည် ပြင်သစ်နိုင်ငံ၌ တွေ့ဆုံဆွေးနွေးပြီးနောက် ပူးတွဲကြေညာချက်ထုတ်ပြန်ရာ၌ ၎င်းတို့အနေဖြင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီဆုံးဖြတ်ချက်များအရ မြောက်ကိုရီးယားနိုင်ငံ၏ နျူကလီးယားလက်နက်များဖျက်သိမ်းရေးကို ဆက်လက်လုပ်ဆောင်သွားမည်ဟုထည့်သွင်းဖော်ပြထားသည်။ ယင်းနောက် မြောက်ကိုရီးယားနိုင်ငံ၏နျူကလီးယားလက်နက်များကို ဖျက်သိမ်းရေးလုပ်ဆောင်ချက်သည် မည်သည့်အခါမျှဖြစ်လာနိုင်ခြင်းမရှိသည့် အစီအစဉ်တစ်ခုသာဖြစ်ကြောင်း ကင်ယိုဂျုံက တုံ့ပြန်လိုက်ခြင်းဖြစ်သည်။

ထို့ပြင် နျူကလီးယားလက်နက်များသည် အချုပ်အခြာအာဏာကိုကာကွယ်ရေးနှင့် ငြိမ်းချမ်းရေးထိန်းသိမ်းရေးအချိုးအကွေ့တို့အတွက် မြောက်ကိုရီးယားနိုင်ငံဥပဒေက သတ်မှတ်ထားသော အင်အားကြီးမားလှသည့် နည်းလမ်းများသာဖြစ်ကြောင်း ကင်ယိုဂျုံက ပြောထားသည်ဟု သိရသည်။

**Ref: Yonhap**

## ယူကရိန်းက မော်စကိုမြို့ပေါ်သို့ ဒရုန်းအစင်း ၂၀၀ ခန့်ဖြင့်တိုက်ခိုက်ဟု ရုရှားပြော

**မော်စကို၊ စစ်ရေး**

ယူကရိန်းစစ်ဘက်က မော်စကိုမြို့ပေါ်သို့ ဒရုန်းအစင်း ၂၀၀ ခန့်ဖြင့် တိုက်ခိုက်မှုလုပ်ဆောင်ကြောင်းနှင့် ယင်းတိုက်ခိုက်မှုကြောင့် အနည်းဆုံးလူ ၁၇ ဦး ဒဏ်ရာရရှိကြောင်း ရုရှားတာဝန်ရှိသူများက ထုတ်ပြန်သည်။

ယူကရိန်းစစ်ဘက်သည် ဇွန်လ ၁၇ ရက်ညပိုင်းတွင် မော်စကိုမြို့ကို ဒရုန်းများဖြင့်တိုက်ခိုက်ခြင်းဖြစ်ကြောင်း၊ အဆိုပါဒရုန်းများအနက် ၁၉၄ စင်းကို ရုရှားလေကြောင်းရန်ကာကွယ်ရေးတပ်ဖွဲ့က ဟန့်တားပစ်ချလိုက်နိုင်ကြောင်း၊ အချို့သောဒရုန်းများသည် လေကြောင်းရန်ကာကွယ်ရေးစနစ်မှလွတ်မြောက်ကာ ပစ်မှတ်များပေါ်သို့ကျရောက်၍ ပေါက်ကွဲမှုဖြစ်ပွားကြောင်း ဒရုန်းများစွာသည် မော်စကိုရေနံချက်စက်ရုံအပေါ် ကျရောက်သောကြောင့် ပေါက်ကွဲမှုများနှင့် မီးလောင်မှုများဖြစ်ကြောင်း မော်စကိုမြို့တော်ဝန်နှင့် မီးသတ်တပ်ဖွဲ့မှတာဝန်ရှိသူများက ဇွန်လ ၁၈ ရက်တွင်ပြောသည်။

အဆိုပါ ဒရုန်းတိုက်ခိုက်မှုများကြောင့် ဒဏ်ရာရရှိသူများတွင် ကလေးငယ်နှစ်ဦးပါဝင်ကြောင်း၊ ဒရုန်းတိုက်ခိုက်မှုဖြစ်စဉ်ဖြစ်ပွားစဉ် မော်စကိုမြို့ရှိ အပြည်ပြည်ဆိုင်ရာလေဆိပ်လေးခုစလုံးကို ပိတ်လိုက်ရကြောင်းနှင့် လေကြောင်းခရီးစဉ် ၅၂၇ ခုကို ဖျက်သိမ်းခြင်း သို့မဟုတ် စောင့်ဆိုင်းခြင်းတို့လုပ်ဆောင်လိုက်ရကြောင်း လေကြောင်းတာဝန်ရှိသူများကပြောသည်။

**Ref: RT**



# Nay Pyi Taw State Academy ၌ကျင်းပသည့် အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေးအစီအစဉ် ဖွင့်ပွဲသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ဇင် တက်ရောက်




နေပြည်တော် ဇွန် ၁၈

အမျိုးသမီးရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ဇင်သည် Nay Pyi Taw State Academy ၌ ကျင်းပသည့် အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေးအစီအစဉ်ဖွင့်ပွဲသို့ တက်ရောက်သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက အမျိုးသမီးများစွမ်းရည်မြှင့်တင်ရန်နှင့် Gender Mainstreaming လုပ်ငန်းရပ်များမှာ စဉ်ဆက်မပြတ်ဆောင်ရွက်ရမည့် လုပ်ငန်းများဖြစ်သည့်အတွက် မူဝါဒများ၊ မဟာဗျူဟာများနှင့် လုပ်ငန်းစဉ်များမှာ ကျား၊ မ ရေးရာအမြင်ထည့်သွင်းဆောင်ရွက်သွားကြပါရန်တိုက်တွန်းပြောကြားလိုပါကြောင်း၊ ၂၀၂၆ ခုနှစ် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် အကြိုလှုပ်ရှားမှုအစီအစဉ်အနေဖြင့် စွမ်းဆောင်ရည်မြှင့်တင်ရေးအစီအစဉ်များ၊ ပဒေသာကပွဲပြုလုပ်ခြင်း၊ သစ်ပင်စိုက်ပျိုးပွဲနှင့်စာတမ်းဖတ်ပွဲပြုလုပ်ခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ NSA က တာဝန်ရှိသူများနှင့် ကျောင်းသား၊ ကျောင်းသူများကိုလည်း ဖိတ်ကြားသွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် သင်တန်းနည်းပြများက မိတ်ဆက်ခဲ့ပြီး အခမ်းအနားသို့ ပညာရေးဝန်ကြီးဌာနနှင့် အမျိုးသမီးရေးရာဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးများ၊ Nay Pyi Taw State Academy မှ ပါမောက္ခချုပ်၊ တာဝန်ရှိသူများနှင့် သင်တန်းသား၊ သင်တန်းသူ ၁၀၀ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

မြဝတီ




| ထူးခြားသည့်နေ့အပူချိန်များ | |
|---|---|
| ညောင်ဦး | ၃၇ °C |
| မုံရွာ | ၃၆.၈ °C |
| တောင်တွင်းကြီး | ၃၆ °C |
| မြင်းမူ | ၃၆ °C |
| ချောက် | ၃၅.၈ °C |
| ကျောက်ဆည်(လွန်ကျော်) | ၃၅ °C |
| ပခုက္ကူ | ၃၅ °C |
| ဂန့်ဂေါ | ၃၅ °C |
| မော်လိုက် | ၃၄.၂ °C |
| ဆင်ဖြူကျွန်း | ၃၄.၁ °C |

| မှတ်သားဖွယ်ရာမိုးရေချိန်များ | |
|---|---|
| ရွှေဘို | (၃.၀၄)လက်မ |
| သပိတ်ကျင်း | (၂.၁၇)လက်မ |
| မိုးကုတ် | (၂.၀၁)လက်မ |
| ဟုမ္မလင်း | (၂.၀၁)လက်မ |
| မိုးညှင်း | (၁.၉၇)လက်မ |
| စစ်တွေ | (၁.၈၉)လက်မ |
| ပူတာအို | (၁.၇၇)လက်မ |
| မြစ်ကြီးနား | (၁.၇၇)လက်မ |
| မော်ဘီ | (၁.၆၉)လက်မ |
| (စိုက်ပျိုးရေးမိုးလေဝသ) | |
| ပေါင် | (၁.၅၃)လက်မ |
| ကျိုက်မရော | (၁.၅၁)လက်မ |
| ခရမ်း | (၁.၄၂)လက်မ |

| တိုင်းဒေသကြီး/ပြည်နယ် | (နိမ့်) | (မြင့်) |
|---|---|---|
| ကချင် | ၂၃ | ၃၀ |
| ရှမ်း(မြောက်) | ၂၂ | ၃၀ |
| ရှမ်း(အရှေ့) | ၂၀ | ၃၂ |
| ရှမ်း(တောင်) | ၁၈ | ၂၆ |
| ချင်း | ၁၇ | ၂၅ |
| စစ်ကိုင်း(အထက်) | ၂၄ | ၃၄ |
| စစ်ကိုင်း(အောက်) | ၂၅ | ၃၅ |
| နေပြည်တော် | ၂၄ | ၃၀ |
| မန္တလေး | ၂၆ | ၃၄ |
| မကွေး | ၂၅ | ၃၆ |
| ရခိုင် | ၂၆ | ၂၉ |
| ပဲခူး | ၂၃ | ၃၀ |
| ရန်ကုန် | ၂၄ | ၃၂ |
| ဧရာဝတီ | ၂၄ | ၃၂ |
| ကယား | ၂၀ | ၂၉ |
| ကရင် | ၂၂ | ၃၀ |
| မွန် | ၂၄ | ၃၁ |
| တနင်္သာရီ | ၂၄ | ၃၀ |

# ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်သည့် "ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေနှင့်အညီ ဆောင်ရွက်ခြင်း"နှင့်စပ်လျဉ်းသည့် အသိပညာမျှဝေဆွေးနွေးပွဲကျင်းပ

နေပြည်တော် ဇွန် ၁၈

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ အသိပညာမျှဝေရေးအစီအစဉ် (Knowledge Sharing Program-KSP) အရ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်သည့် "ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေနှင့်အညီဆောင်ရွက်ခြင်း" နှင့် စပ်လျဉ်းသည့်အသိပညာမျှဝေဆွေးနွေးပွဲကို ယနေ့မွန်းလွဲ ၂ နာရီတွင် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး နဝရတ်ခန်းမ၌ Hybrid စနစ်ဖြင့်ကျင်းပသည်။

ဆွေးနွေးပွဲသို့ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါ်နိုင်သက်ဦး၊ ဒုတိယစာရင်းစစ်ချုပ်၊ တိုင်းဒေသကြီး၊ ပြည်နယ်စာရင်းစစ်ချုပ်များ၊ အမြဲတမ်းအတွင်းဝန်၊ ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာနနှင့် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ တိုင်းဒေသကြီး၊ ပြည်နယ်စာရင်းစစ်ချုပ်ရုံးများ၊ နေပြည်တော်စာရင်းစစ်ရုံးနှင့် မြန်မာနိုင်ငံစာရင်းကောင်စီရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ပြည်ထောင်စုစာရင်းစစ်ချုပ်က အမှာစကားပြောကြားပြီး လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ ရေနံထွက်ပစ္စည်း ကြီးကြပ်စစ်ဆေးရေးဦးစီးဌာန၊ ဥပဒေနှင့်မူဝါဒဌာနခွဲမှ ဒုတိယညွှန်ကြားရေးမှူးက ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေနှင့်အညီ ဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးကာ တက်ရောက်လာကြသူများက သိရှိလိုသည်များမေးမြန်းခြင်း၊ ပြန်လည်ရှင်းလင်းဖြေကြားခြင်း၊ အကြံပြုဆွေးနွေးခြင်းများ ဆောင်ရွက်ကြကြောင်း သိရသည်။ မြဝတီ

## နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် ဇွန် ၁၈

ကယားပြည်နယ်တွင် နေရာကျဲကျဲ၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ချင်းပြည်နယ်နှင့်ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် နေရာစိပ်စိပ်နှင့်ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့်ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

(မိုး/ဇလ)

# နယ်စပ်ရေးရာဝန်ကြီးဌာနက မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်



နေပြည်တော် ဇွန် ၁၈

နယ်စပ်ရေးရာဝန်ကြီးဌာန၏ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စုရန်ပုံငွေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် ကန်တောင်ကျေးရွာ၌ ဆိုလာရေတင်စနစ် စက်ရေတွင်းတူးဖော်ခြင်းနှင့် ဂါလန် ၅၀၀ ဆံ့ ရေစုကန်တည်ဆောက်ခြင်း၊ ထမုန်ကန်ကျေးရွာအုပ်စု ဥယျာဉ်ကုန်းကျေးရွာ၌ ဆိုလာရေတင်စနစ် စက်ရေတွင်းတူးဖော်ခြင်းနှင့် ဂါလန် ၅၀၀၀ ဆံ့ ရေစုကန်တည်ဆောက်ခြင်း၊ ကန်နီကျေးရွာအုပ်စု ကန်နီကျေးရွာ၊ ညောင်ကုန်း(အရှေ့)ကျေးရွာနှင့် (အနောက်)ကျေးရွာတို့တွင် ဆိုလာရေတင်စနစ်ဖြင့် စိုက်ပျိုးရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် မိတ္ထီလာခရိုင် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်အတွင်း မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးအတွင်း သောက်သုံးရေနှင့် စိုက်ပျိုးရေရှားပါးခက်ခဲသည့် ကျေးရွာများမှ ဒေသခံပြည်သူများ တင်ပြတောင်းခံခဲ့သော ဆိုလာရေတင်စနစ် စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်း ရှစ်ခု၊ ဆိုလာရေတင်စနစ် စိုက်ပျိုးရေရရှိရေးလုပ်ငန်း သုံးခု၊ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်း ခြောက်ခု၊ မြေသားရေကန်ပြုပြင်တူးဖော်ခြင်းလုပ်ငန်း ခြောက်ခုနှင့် ပျားမွေးမြူရေးလုပ်ငန်း နှစ်ခု စုစုပေါင်းလုပ်ငန်း ၂၅ ခုတို့ကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းအားလုံး ၈၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ မြဝတီ

**၁၈-၆-၂၀၂၆ ရက်နေ့**

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး**

(Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ (၇,၀၀၀,၀၀၀)ကျပ်**ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)**
**ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

